# MAPCO NEWSLETTER

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

www.mapcom.mm

Vol: 2, Issue: 2 February, 2013



# မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် UOB ပူးပေါင်း၍ UOB-MAPCO Myanmar Investment Forum ကျင်းပ



▲ UOB မှ Managing Director, Mr. Lan Wong အဖွင့်အမှာစကားပြောကြား



▲ MAPCO ဥက္ကဋ္ဌဦးချစ်ခိုင်မှအဖွင့်အမှာစကားပြောကြား

United Overseas Bank Limited (UOB) သည် ကမ္ဘာ့ထိပ်ဆုံး စာရင်းဝင်ဘဏ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံပေါင်း ၁၉ နိုင်ငံတွင် ရုံးခွဲပေါင်း (၅၀၀) ကျော် ဖွင့်လှစ်လျက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ (UOB) သည် ၁၉၉၃ ခုနှစ်တွင် ရန်ကုန်၌ ရုံးခွဲ စတင်ဖွင့်လှစ်ခဲ့ပါသည်။ UOB သည် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး အများပိုင်ကုမ္ပဏီဖြစ်သော မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့်ပူးပေါင်း၍ ပြည်တွင်းငွေကြေးဈေးကွက် အခြေအနေကို ပိုမို တိုးတက်ကောင်းမွန်စေရန် နှင့် အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံတွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် UOB-MAPCO Myanmar Investment Forum ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် Park Royal Hotel, Yadanar Grand Ballroom ၌ နံနက် ၈း၃၀ မှ ညနေ ၅း၀၀ နာရီအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။




▲ MAPCO မှ Managing Director ဦးရဲမင်းအောင်မှ Recent Developments in Myanmar Agribusiness Sector ခေါင်းစဉ်ဖြင့်တင်ပြဆွေးနွေးခြင်း

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် MAPCO မှ ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ UOB မှ Managing Director, Mr. Lan Wong နှင့် တာဝန်ရှိသူများ၊ Singapore သံရုံးမှ သံအမတ် ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ သက်ဆိုင်ရာဘဏ်လုပ်ငန်းအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် UOB မှဘဏ်လုပ်ငန်းကျွမ်းကျင်သူ ပညာရှင်များ တက်ရောက်ခဲ့ပါသည်။ UOB-MAPCO Myanmar Investment Forum ၂၀၁၃ ကို MAPCO မှ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် UOB မှ Managing Director, Mr. Lan Wong အဖွင့်အမှာစကားအသီးသီး ပြောကြားပြီး ဆွေးနွေးပွဲ စတင်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ Deputy Director ဒေါ်အေးစန္ဒာလွင်မှ Myanmar Investment Climate & Foreign Direct Investment Process- Opportunities Abound- Myanmar Investment Opportunities ကိုလည်းကောင်း၊ UOB Group Senior Economist, Mr.Alvin Liew မှ The Economic Challenges and Opportunities in Myanmar From an Asian Perspective ကိုလည်းကောင်း၊ UOB Transaction Banking, First Vice President Mr, Pang Tit Khuen မှ Transactional Banking Services - Facilitating Banking Reform in Myanmar ကိုလည်းကောင်း၊ Kelvin Chia Law Firm, Senior Associate, ဦးသန်းမောင်မှ Foreign Investment – A Legal Perspective ကိုလည်းကောင်း၊ Singapore Exchange, Senior Vice President, Mr. Simon Lim မှ Listing on SGX, The Asian Gateway ကိုလည်းကောင်း၊ UOB Investment Banking, Managing Director Mr. Khong Choun Mun မှ UOB- Your Partner in Listing ကိုလည်းကောင်း၊ MAPCO မှ Managing Director ဦးရဲမင်းအောင် မှ Recent Developments in Myanmar Agribusiness Sector ကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ UOB-MAPCO Myanmar Investment Forum သည် UOB ဘဏ်၏ Customer ကုမ္ပဏီကြီးများနှင့် MAPCO ၏ မိတ်ဖက်ကုမ္ပဏီများအကြား Business Networking ထူထောင်နိုင်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ တိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

(တွယ်တာ)

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)



# MAPCO နှင့် Kamigumi Co., Ltd(Japan) တို့ပူးပေါင်း၍ Technical Coordination Workshop on Transport & Logistic Sector of Myanmar: With Special Emphasis on Agro-based Commodities & Agro Supply Chains ဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံလယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးထားသော ဂျပန်နိုင်ငံ Kamigumi Corporation တို့ပူးပေါင်း၍ Technical Coordination Workshop on Transport & Logistic Sector of Myanmar: With Special Emphasis on Agro-based Commodities & Agro Supply Chains အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် နှင့်တာဝန်ရှိသူများ ၊အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုး တက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ MAPCO မှအုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်၊ ဒါရိုက်တာဦးကျော်ဇောအောင် နှင့် တာဝန်ရှိသူများ၊ Kamigumi မှ Mr.Nakashima, Mr.Watanabe နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှ နိုင်ငံတော်အနေဖြင့် နိုင်ငံရေး ၊ စီးပွားရေးလူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သောနိုင်ငံဖြစ်ပြီး တောင်သူလယ်သမားများ ဆင်းရဲမွဲတေမှုကိုလျှော့ချနိုင်ရန် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုမှသည် ဈေးကွက်သို့ရောက်ရှိသည်အထိ Supply Chain တလျှောက် ဖွံ့ဖြိုးတိုးတက်ရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တောင်သူလယ်သမားများ ဝင်ငွေရရှိရေးအတွက် အရေးပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ထောက်ပံ့ပို့ဆောင်ရေး Logistic စရိတ်များလျှော့ချရန် အခြေခံကုန်ထုတ်လုပ်ငန်းများအတွက် တဖက်တလမ်းမှ ထောက်အကူပြုနိုင်ရန် ယုံကြည်ပါကြောင်း ၊ MAPCO နှင့် Kamigumi တို့ပူးပေါင်း၍ ဤကဏ္ဍကို ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းဖြင့်စတင်အကျိုးပြုနိုင်ရန်ဆောင်ရွက်နေပြီဖြစ်၍များစွာဝမ်းသာအားရပါကြောင်း အဖွင့်အမှာစကားပြောပါသည်။

ဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒါရိုက်တာဦးအောင်လှိုင် မှ “Investment Opportunities in Agriculture Sector of Myanmar” ခေါင်းစဉ်ဖြင့်လည်းကောင်း၊အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ Myanmar Investment Commission မှ ဒါရိုက်တာ ဦးကျော်ဇောအောင် မှ “Foreign Direct Investment” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Ministry of Transport ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိန်းမှ “Inland Water Transport” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Kamigumi (Japan) မှ Mr.Nakashima Mr.Watanabe တို့မှ “Warehousing” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် မှ “Myanmar Agriculture Industry: Transport and Logistic Links” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ ယင်းနောက်မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် မှ Kamigumi Co., Ltd နှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ တက်ရောက်လာသူများမှ Kamigumi နှင့် MAPCO တို့ပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် အစီအစဉ်အပေါ်အကြံပြုဆွေးနွေးခဲ့ပြီး အကြံပြုချက်များကို မှတ်တမ်းတင်အတည်ပြုခဲ့ပါသည်။

(တွယ်တာ)

> အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မှ နိုင်ငံတော်အနေဖြင့် နိုင်ငံရေး ၊ စီးပွားရေး လူမှုရေး ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သောနိုင်ငံဖြစ်ပြီး တောင်သူလယ်သမားများဆင်းရဲမွဲတေမှုကိုလျှော့ချနိုင်ရန်လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုမှသည် ဈေးကွက်သို့ရောက်ရှိသည်အထိSupply Chain တလျှောက် ဖွံ့ ဖြိုးတိုးတက်ရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တောင်သူလယ်သမားများ ဝင်ငွေရရှိရေးအတွက် အရေးပါကြောင်း၊

## မြန်မာဆန်စက်နှင့် လယ်ယာသုံး တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၃) အတွက် ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး

၂၀၁၃ ခုနှစ် မတ်လ (၂) ရက်နေ့မှ (၅)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် မြန်မာဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၃) အတွက် ပြပွဲကျင်းပရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အစည်းအဝေးခန်းမ၌ (၂၅.၁.၂၀၁၃) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေး၌ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် ၊မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးသောင်းဝင်း၊ UMFCCI ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသန့်၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြပွဲအတွက်လုပ်ငန်းဆောင်ရွက်ပြီးစီးထားမှုအခြေအနေများနှင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ဌာနအသီးသီးမှ တင်ပြဆွေးနွေးခဲ့ပါသည်။ အဆိုပါပြပွဲကျင်းပရေးအတွက် အဓိကပံ့ပိုးသူ (Main Sponsor) ဖြစ်သော မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ ပြခန်းရောင်းချထားမှုအခြေအနေများနှင့် ပြပွဲတွင်ပါဝင်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ပါသည်။ အဆိုပါပြပွဲတွင် စိုက်ပျိုးရေးကဏ္ဍ၊ ရိတ်သိမ်းချိန်လွန်နည်းပညာကဏ္ဍ နှင့် ကုန်သွယ်မှုကဏ္ဍ များအတွက် စာတမ်းဖတ်ပွဲအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဂုဏ်ပြုဆုချီးမြှင့်ပွဲများ၊ Lucky Draw အစီအစဉ်များ ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။

(တွယ်တာ)



## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့်ကိုရီးယားနိုင်ငံ Samsung C&T Coporation / Trading & Investment Group တို့တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့်ကိုရီးယားနိုင်ငံ Samsung C&T Coporation / Trading & Investment Group တို့တွေ့ဆုံဆွေးနွေးပွဲ ကို ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီလ ၁၇ ရက်နေ့ တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေး၌ Samsung ကုမ္ပဏီမှ မန်နေဂျာကိုနေအောင်ဝင်း၊ Senior Associate Michael Han, Head of Yangon Office မှ Herry Kim၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းတို့မှ Senior Advisor ဦးရှုကြိန်၊ အထွေထွေမန်နေဂျာ ဦးအေးကျော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။အစည်းအဝေး၌ မြန်မာနိုင်ငံမှ လုံးတီး ဆန် မက်ထရစ်တန် (၉၀၀၀၀) ဝယ်ယူရေးနှင့်ပတ်သက်ပြီး ဈေးနှုန်း ၊ ရောင်းချမည့်နမူနာများနှင့် တင်ဒါပေးသွင်းမည့် ကိစ္စရပ်များ ငွေပေးချေရေးနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံမှ သင်္ဘောတင်ပို့ရေးနှင့် ပတ်သက်ပြီးဆွေးနွေးခဲ့ပါသည်။ ထို့ပြင် အာဖရိကဈေးကွက်အတွက်မြန်မာနိုင်ငံမှ ၁၀၀% Broken rice ဝယ်ယူရေးနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုရှိ၍ နောင်တွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။

(ဇာဇာ)

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) ၏ အမှုဆောင်ဒါရိုက်တာအဖွဲ့ အစည်းအဝေး ကျင်းပ



မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) ၏ အမှုဆောင်ဒါရိုက်တာအဖွဲ့အစည်းအဝေး ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် နှင့် အမှုဆောင်ဒါရိုက်တာများတက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးချစ်ခိုင် မှ MAPCO ၏ရေရှည်စီးပွားရေးအောင်မြင်ရန် ဆက်လက် ကြိုးစားလုပ်ကိုင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပကုမ္ပဏီကြီးများဖြစ်သော Mitsui, Kamigumi, Daewoo International နှင့် United Oversea Bank (UOB) အစရှိသည့် ကုမ္ပဏီကြီးများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ UOB-MAPCO Myanmar Investment Forum ပြုလုပ်ခြင်းသည်လည်း မြန်မာနိုင်ငံအတွက် အခြားနိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းများချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးရဲမင်းအောင် မှ MAPCO မှဆန်စပါးကုန်သွယ်မှုကဏ္ဍတွင် ပြည်ပသို့ဆန်တင်ပို့ခြင်း၊ Integrated Rice Complex Project (IRCP) အတွက် ပထမဦးစွာနေရာ (၄) နေရာ တွင် တည်ဆောက်ရန် Mitsui (Japan) နှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ Parboiled Rice Mill Project အတွက် ပေါင်းဆန်လုံးတီးထုတ်လုပ်ရေးစက်ရုံ (၁၀) ခုကို မှာယူတင်သွင်း၍ ပေါင်းဆန်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများ၊ Transport, Logistics & Warehousing ကဏ္ဍ Integrated Rice Complex Project (IRCP) နှင့် MAPCO Agribusiness Services Center (ASC) များတည်ထောင်ရင်းနှီးမြှုပ်နှံရန် Kamigumi (Japan) နှင့်ပူးပေါင်းဆောင်ရွက်ထားမှု အခြေအနေများ၊ လယ်ယာစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း (Agribusiness Services Center (ASC) ဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုများ၊ Agro-Chemicals Distribution ကဏ္ဍအတွက် အင်ဒိုနီးရှား၊ ဂျပန်နှင့် ဆွစ်ဇာလန်နိုင်ငံအစရှိသည့်နိုင်ငံများမှ ဓာတ်မြေဩဇာ မှာယူတင်သွင်းထားရှိမှုများစသည့် MAPCO ၏ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းအခြေအနေများနှင့်ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းများကိုတင်ပြခဲ့ရာ ဒါရိုက်တာအဖွဲ့ဝင်များမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

(တွယ်တာ)

MAPCO

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် MITSUI Co., Ltd (Japan) တို့ လုပ်ငန်းများအတွက် Technical Presentation များကျင်းပ



မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် MITSUI Co., Ltd (Japan) တို့ ၏တွေ့ဆုံဆွေးနွေးပွဲ ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစည်းအဝေးခန်းမတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် MAPCO မှ ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ အုပ်ချုပ်မှုဒါရိုက်တာဦးရဲမင်းအောင်နှင့် အမှုဆောင်ဒါရိုက်တာ ဦးအောင်သန်းဦး၊ ဦးကျော်ကျော်ဝင်း နှင့် MITSUI Co., Ltd မှ Mr.Asano, Mr.Hamaya, Mr.Kyuma, Mr.Kamiya, Mr.Koga, Ms. Suzuki နှင့်အဖွဲ့တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် MAPCO ဥက္ကဋ္ဌ ဦးချစ်ခိုင် မှ အဖွင့်အမှာစကားပြောကြားပြီးနောက် IRCP Projcet အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် MITSUI Co., Ltd သည် မြန်မာနိုင်ငံမှဆန် အများဆုံးတင်ပို့နိုင်ခဲ့သော ကုမ္ပဏီဖြစ်ပြီး MAPCO နှင့် ပူးပေါင်း၍ ပထမအကြိမ်ဆန်တန်ချိန် (၅၀၀၀) ကို ဂျပန်နိုင်ငံသို့ တင်ပို့မည်ဖြစ်ရာ MITSUI မှဂုဏ်ယူကြောင်းပြောကြားခဲ့ပါသည်။ အဆိုပါဆန်တင်ပို့မှုသည် နှစ်ပေါင်း ၄၅နှစ်ကြာမှ ပထမအကြိမ်ဂျပန်နိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းဖြစ်ရာ အခမ်းအနားဖြင့်ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနားတွင် ဂျပန်နိုင်ငံမှအရာရှိကြီးများလည်းတက်ရောက်မည်ဖြစ်ပါသည်။ MAPCO မှပထမဦးစွာတည်ဆောက်မည့် Integrated Rice Complex Project (IRCP) (၄)နေရာတွင် MITSUI မှ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းများပြီးစီးပါက နှစ်စဉ်ဆန်တန်ချိန် (၄) သိန်းကျော်ကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်မည် ဖြစ်ကြောင်းသိရှိရပါသည်။ စီမံကိန်းများပြီးစီးပါက နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ပြည်ပသို့ ဆန်တင်ပို့ခြင်းကိုတိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ပါသည်။ IRCP Projcet အတွက် Technical and Commercial Discussion များကိုလည်းကျင်းပပြုလုပ်ခဲ့ပါသည်။

(တွယ်တာ)

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့် ဂျပန်နိုင်ငံ NEDO Research and Development တို့ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံတွင် စပါးခွံဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းစီမံချက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့် ဂျပန်နိုင်ငံ NEDO Research and Development တို့ပူးပေါင်း၍ "Research and Development Cooperation Project on improvement of operability of power generation by using rice husks in Myanmar" ခေါင်းစဉ်ဖြင့် အစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစည်းအဝေးခန်းမ UMFCCI (၈)လွှာတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မင်း နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ဒုဥက္ကဋ္ဌ ဦးတင့်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်း နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ NEDO Research and Development မှ Deputy Director Mr. Sosuke Kimura နှင့်အဖွဲ့၊ ဂျပန်နိုင်ငံမှ BIO-FUEL Co., Inc., TEPCO, ENBIOTECH, KANSAI Corporation ၊ မလေးရှားနိုင်ငံမှ Ma Hup Seng Engineering SDN. BHD ၊ မြန်မာနိုင်ငံမှ မြန်မာဆန်စက်ကုမ္ပဏီ၊ Golden Lace Co., Ltd, Excel Internation Co., Ltd, United Innovation Co., Ltd အစရှိသည့် ကုမ္ပဏီကြီးများမှတက်ရောက်ခဲ့ပါသည်။

ဂျပန်နိုင်ငံ NEDO Research and Development မှ Deputy Director Mr. Sosuke Kimura မှအဖွင့်အမှာစကားပြောကြားပြီးနောက် အစည်းအဝေးစတင်ခဲ့ပါသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံတွင်လက်ရှိအသုံးပြုနေသော စပါးခွံဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်စက်များသည် စပါးခွံကို တိုက်ရိုက်မီးရှို့၍ လျှပ်စစ်ဓာတ်ထုတ်ယူရသောကြောင့် အင်ဂျင်တွင်ကတ္တရာကပ်သောကြောင့် အင်ဂျင်စက်အား (၃) လလျှင် တစ်ကြိမ်/(၆)လလျှင်တစ်ကြိမ်ခန့် စက်ရပ်နား၍ ကတ္တရာကို ခွာရခြင်း နှင့် သဘာဝပတ်ဝန်းကျင်တွင် အနံ့အသက်နှင့် ရေဆိုးရေညစ်များဖြစ်ပေါ်စေခြင်းကြောင့် ရေသတ္တဝါများ သေကြေပျက်ဆီးစေခြင်းစသည့် ဆိုးကျိုးများစွာရှိနေပါသည်။ ဆိုးကျိုးများ သက်သာလျော့နည်းစေရန် အတွက် ဂျပန်နည်းပညာသုံး၍ စပါးခွံဓာတ်ငွေ့အသုံးပြုလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းကို ပြုလုပ်ခြင်းဖြစ်ပါသည်။ စပါးခွံဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနည်းလမ်းဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကိုပါ တစ်ဖက်တလမ်းမှအကျိုးပြုကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါစီမံချက်အတွက် ENBIOTECH Co., Ltd, Tokyo Electric Power Company နှင့် Myanmar Rice Mill Co., Ltd တို့မှ ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများမှ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

(တွယ်တာ)

" အစည်းအဝေးတွင် မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော စပါးခွံဓာတ်ငွေ့ အသုံးပြု လျှပ်စစ်ဓာတ်အား ထုတ်စက်များသည် စပါးခွံကို တိုက်ရိုက်မီးရှို့ ၍ လျှပ်စစ်ဓာတ်ထုတ်ယူရသောကြောင့် အင်ဂျင်တွင်ကတ္တရာကပ်သောကြောင့် အင်ဂျင်စက်အား (၃) လလျှင် တစ်ကြိမ်/(၆)လလျှင်တစ်ကြိမ်ခန့် စက်ရပ်နား၍ ကတ္တရာကို ခွာရခြင်း နှင့် သဘာဝပတ်ဝန်းကျင်တွင် အနံ့အသက်နှင့် ရေဆိုးရေညစ်များဖြစ်ပေါ်စေခြင်းကြောင့် ရေသတ္တဝါများ သေကြေပျက်ဆီးစေခြင်းစသည့် ဆိုးကျိုးများစွာရှိနေပါသည်။ "

## Mitsui Company နှင့် ဂျပန်နိုင်ငံလယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန (MAFF) တို့မှ ရောဟသ်ာနှင့် Gold Delta ဆန်စက်များသို့ သွားရောက်လေ့လာလည်ပတ်ခြင်း

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် Mitsui Company နှင့် ဂျပန်နိုင်ငံလယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန (MAFF) မှ အဖွဲ့ဝင်များသည် ရောဟသ်ာနှင့် Gold Delta ဆန်စက်များသို့ သွားရောက်လေ့လာကြရာ MAPCO မှ Project Manager ဦးရဲမင်းစိုး မှ လိုက်လံပို့ဆောင် ပြသခဲ့ပါသည်။ ယင်းနောက် လက်ရှိလည်ပတ်နေသော စက်ရုံအခြေအနေများ နှင့် ဂျပန်နိုင်ငံသို့တင်ပို့မည့် ဆန်နမူနာများကို စစ်ဆေးကြည့်ရှုခဲ့ပါသည်။ Mitsui အနေဖြင့် ရောဟသ်ာနှင့် Gold Delta ဆန်စက်များသည် အရည်အသွေးကောင်းမွန်၍ ဖွဲ့စည်းတည်ဆောက်ထားမှုသည် စနစ်တကျရှိ၍ များစွာကျေနပ်အားရပါကြောင်းပြောကြားခဲ့ပါသည်။

(တွယ်တာ)

# ညောင်ပင်နှင့်တူသောလူ၊ ညောင်ပင်နှင့်တူသောအဖွဲ့အစည်း

လူတစ်ဦးချင်းစီ၏အသိပညာ၊ဉာဏ်အရာနှင့်ကြိုးပမ်းအားထုတ်မှုမှုစ၍၊ လူ့ဘောင်လူ့အဖွဲ့အစည်းတစ်ခုလုံးဖွံ့ဖြိုးတိုးတက်မှု သာယာဝပြောမှု ငြိမ်းချမ်းမှု ဖြစ်ပေါ်လာရသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ကြိုးပမ်းအားထုတ်မှု ၊ဉာဏ်ရည်ဉာဏ်သွေးနှင့် ဘဝပေးအခြေအနေများ မတူညီကြသဖြင့် ပညာဉာဏ်၊ ဆင်ခြင်တုံတရား နှင့် ကြီးပွားတိုးတက်မှုတို့သည်လည်း မတူကွဲပြားရပေသည်။ ပသို့ဆိုစေ၊ လူပုဂ္ဂိုလ်တစ်ဦး၏ ကြီးပွားတိုးတက်မှုမှသည် လူ့အဖွဲ့အစည်းကအားထားရသော မှီခိုရသော လူ့ဘောင်လူ့လောကအတွက်လာခြင်းကောင်းသောပုဂ္ဂိုလ်ဖြစ်သင့်ပေ သည်။

မည်သည့်အမှုကိစ္စဆောင်ရွက်သည်ဖြစ်စေ၊ လောကီလောကုတ္တရာနှစ်ဖြာအကျိုးများစေရန် ရည်ရွယ်ကြရမြဲဖြစ်ပါသည်။လောကီနှင့်လောကုတ္တရာနှစ်ဖြာ အနက် လောကုတ္တရာအတွက်မူ လူတစ်ဦးသွားသာရုံလမ်းကျဉ်းကျဉ်းတွင် တိတ်ဆိတ်ငြိမ်သက်စွာ ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်ပြီးမြောက်နိုင်ပါ၏။ လောကီထုပ္ပတ် လူတို့ဇာတ်အတွက်ဆောင်ရွက်ကြရမည်ဆိုပါက လူများများ၊ လမ်းကျယ်ကျယ်ဖောက်ပြီး၊ ညီညီညွတ်ညွတ်ရှိလျှင်အောင်မြင်ပြီးမြောက်နိုင်ပါသည်။

လူတစ်ဦးတစ်ယောက်ကြီးပွားချမ်းသာလာပါက လူ့လောက လူ့အဖွဲ့အစည်းအပေါ်ထားရှိရမည့် စိတ်စေတနာသဘောထားကို ရဟန်းပညာရှိစာဆို "ကန်တော်မင်ကျောင်းဆရာတော်" မှ လင်္ကာသီကုံးဆုံးမထားမှုကို အမှတ်ရမိပါ၏။

"ကျောင်းတော်ခရီး၊ လမ်းမကြီးဝယ်၊ ပင်ထီးပညောင်၊ မြစ်တစ်ထောင်နှင့် များမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်၊စေ့စေ့သိပ်လျှက်၊ အပြည့်ကျေးငှက်၊ စားလျှက်သောက်သဲ၊ မှီဝဲလူဗိုလ်၊ ရိပ်ခိုအများ၊ ခရီးသွားတို့၊ နေနားပျော်ရွှင်၊............. " စသည်ဖြင့်

လူ့ဘုံခန်းဝါ၊လူတို့ရွာတွင်၊ လူတစ်ဦးကြီးပွားတိုးတက်လာလျှင် အများအကျိုးစီးပွား၊ လူ့ဘောင်လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကိုလည်း ဆောင်ရွက်ပေးသင့်ကြောင်း၊ ညောင်ပင်ကိုပုံခိုင်း၍ စပ်ဆိုခဲ့ပါသည်။ ထန်းပင်လိုမြင့်မားတိုးတက်မှုထက် ညောင်ပင်လိုဖွံ့ဖြိုးစည်ပင်မှုမျိုးက မိမိအမျိုးဘာသာ၊ သာသနာ အတွက် အကျိုးကျေးဇူး များ ကြောင်း ရည်ညွှန်းပါသည်။

အများအကျိုးဆောင်၊ကိုယ့်အကျိုးအောင်ဟူသောဆောင်ပုဒ်သဘောထားကိုလည်းရဟန်းစာဆိုရှင်"ရှင်မဟာသီလဝံသ"ကလည်း အောက်ပါအတိုင်းမိန့်ဆိုခဲ့ပါသည်။

"ယနေ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင်၊ အများပြည်သူအတွက် အေးမြသော အရိပ်ကိုပေးစွမ်းနိုင်သည့် ညောင်ပင်ကြီးများသဖွယ် ဖွဲ့စည်း ဖြစ်ထွန်း လာသောအများပိုင်ကုမ္ပဏီကြီးများ၏ " သာရဏီယတရား " လိုက်နာကျင့်သုံးမှုအပေါ် မူတည်၍ မြန်မာနိုင်ငံကြီးဖွံ့ဖြိုးတိုးတက်အောင်မြင်မည့် အောင်အတိတ်၊ အောင်နမိတ်များ တွေ့မြင်နေရပြီဖြစ်ပါသည်။"

"သဘောတရား ၊ သူ့စီးပွားကို ၊ များများမြောင်မြောင်၊ လောကဘောင်တွင်၊ ကြံတိုင်းပင်ကို၊ အောင်မြင်စေဆုပြုသည့်အကျိုး ၊ ချမ်းသာမျိုးလည်း ၊ တံပိုးလှင်ကန်၊ မေတ္တာပြန်၏ " မေတ္တာသည် တစ်လမ်းသွား ၊ တစ်ဖက်သတ်မဟုတ်ပါ ၊ မေတ္တာသည် တုန့်ပြန်တတ်သည့် သတ္တိနှင့် နှစ်လမ်းသွား ဖြစ်ပါ သည်။

ယနေ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင်၊ အများပြည်သူအတွက် အေးမြသောအရိပ်ကိုပေးစွမ်းနိုင်သည့် ညောင်ပင်ကြီးများသဖွယ် ဖွဲ့စည်း ဖြစ်ထွန်း လာသောအများပိုင်ကုမ္ပဏီကြီးများ၏ "သာရဏီယတရား" လိုက်နာကျင့်သုံးမှုအပေါ်မူတည်၍ မြန်မာနိုင်ငံကြီးဖွံ့ဖြိုးတိုးတက်အောင်မြင်မည့် အောင်အတိတ်၊ အောင်နမိတ်များ တွေ့မြင်နေရပြီဖြစ်ပါသည်။

မျက်မှောက်ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် "Corporate Social Responsibility - CSR" ဟူသော စီးပွားရေးဒဿန တစ်ရပ် အထူးထင်ရှားလာပြီးလိုက်နာ ကျင့်သုံးလျှက်ရှိကြပေသည်။ ယင်းကျင့်စဉ်သည်မြန်မာ့နယ်ပယ်တွင်ရှေးပဝေသဏီကပင် တွင်ကျယ်စွာရှိနှင့်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင်လည်း နှစ်ပေါင်း များစွာကပင် ညွှန်ပြခဲ့ပြီး ဖြစ်ပါသည်။ ၁၈ ရာစုအတွေးအခေါ်နှင့် ဘောဂဗေဒပညာရှင်အဒမ်စမစ်(Adam Smith) ရေးသားခဲ့သည့်နိုင်ငံများ၏ဓန (Wealth of Nation) တွင် CSR သဘောကို ထည့်သွင်းညွှန်ပြခဲ့ပြီးဖြစ်ပါသည်။

အမြော်အမြင်ရှိသောကုမ္ပဏီကြီးများ၊ စီးပွားရေးအဖွဲ့အစည်းကြီးများအနေဖြင့် ကုမ္ပဏီအဖွဲ့အစည်း၏ အမြင့်ဆုံးသော ဂုဏ်သိက္ခာနှင့် ဥပမိရုပ်ဖြစ်သည့် နှစ်ပတ်လည်အစီရင်ခံစာ (Annual Report) တွင် Environmental, Social, Ethical များနှင့်အတူ CSR လုပ်ငန်းများကို တခမ်းတနားဖော်ပြလေ့ရှိကြသည်။

CSR တန်ခိုး ၊ CSRသတ္တိမှာ အစုရှယ်ယာရှင်များ ၊ ပြည်သူများ၏နှလုံးသားတွင် ထွင်းထုထားဘိသကဲ့သို့ နက်ရှိုင်းစွာ အမှတ်ရနေလေ့ရှိသည့် သဘော ဖြစ်ပါသည်။


CSR သည် မြန်မာမှုအားဖြင့် " အလှူပေးသူဋ္ဌေးဖြစ်" ပြောပြော၊ " စာဂသမ္ပဒါ " မျှဝေခံစားခြင်းပဲဆိုဆို ၊ သဘောသွားခြင်းအတူတူပင်ဖြစ်ပါသည်။CSR သည် " တစ်ယောက်ကောင်းဘို့အကျိုးရှာ ၊သတ္တဝါအပေါင်းပျက်စီးကြောင်း"နှင့် ဆန့်ကျင်သဘောဖြစ်ပါသည်။

MAPCOအများပိုင်ကုမ္ပဏီ၏ခံယူမှုမှာ ကောင်းမွန်သော Corporate Ethics ၊ Corporate Practices များကို နှလုံးသွင်း၍ ကုမ္ပဏီဖွံ့ဖြိုးတိုးတက်အောင်မြင် သည်နှင့် အမျှမြန်မာ့အမှုအယာ CSR ဖြစ်သော -

" ဒါန ပေယျဝဇ္ဇ အတ္ထစရိယာ သမာနတ္တတာ " ဟူသော သင်္ဂဟတရား (၄)ပါးနှင့် အညီကျင့်ကြံကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(သူရ- IRD)

# "Advanced Financial Modelling and Data Analysis" Workshop (Malaysia) သို့ MAPCO မှတက်ရောက်




**Daw Anita**
Senior Accountant
Finance Department of MAPCO
B.A (Business Management)
ACCA PartII (UK), Candidate
CAT ( Certified Accounting Technician, UK)
Group Dip.in Management Accounting (LCCI III, UK)

Asia Executive Program Sdn. Bhd (AEP) ၏ဖိတ်ကြားချက်အရ "Advanced Financial Modelling and Data Analysis" ခေါင်းစဉ်ဖြင့် Istana Hotel, Kuala Lampur, Malaysia ၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် နှင့် ၁၅ ရက်တွင် ကျင်းပပြုလုပ်သော Training Workshop သို့ MAPCO မှ Daw Anita (Senior Accountant) တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲကို စီးပွားရေးလုပ်ငန်းများတွင်ငွေကြေးဆိုင်ရာ စာရင်းများတွင် ပိုမိုထိရောက်စွာအသုံးချနိုင်ရန်၊ ငွေကြေးဆိုင်ရာဝင်ငွေထွက်ငွေများကိုကျွမ်းကျင်စွာတွက်ချက်အသုံးချနိုင်ရန်၊ လုပ်ငန်းတစ်ခုချင်းစီအတွက် စီမံချက်များကို ရေးဆွဲ၍ ငွေကြေးဆိုင်ရာ ပုံစံများကို စနစ်တကျချမှတ်ဆောင်ရွက်နိုင်ရန်၊ ငွေကြေးဆိုင်ရာ ဖော်ပြချက်များကို လက်ရှိအခြေအနေနှင့် အနာဂတ်အခြေအနေအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် Prophecy Pte Ltd (Singapore)မှ Director, Neil Macdonald ( CFA) နှင့် Director, Matthew Jones (ACA) တို့မှ Financial Modelling Theory, Data Management and Analysis, Developing Financial Statements, Valuations, Auditing, Checking and Finalizing Spreadsheets အစရှိသည့်ခေါင်းစဉ်များကိုသင်ကြားပို့ချခဲ့ပါသည်။ ဆွေးနွေးပွဲတွင် Maybank Investment Bank Berhad, OCBC Bank, Public Private Partnership Unit, Prime Minister's Dapartment အစရှိသည့်စက်ဘာပူ၊ မလေးရှားနှင့်မြန်မာနိုင်ငံရှိ Myanmar Agribusiness Public Corporation Limited (MAPCO)ကုမ္ပဏီကြီး (၁၂) ခုမှ ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ပါသည်။

(အယ်နီတာ)

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)



# ထုတ်ကုန်နှစ်ဆတိုးမြှင့်တင်ပို့ရောင်းချနိုင်ရန် ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရန်ပို့ကုန်များမြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာ့လယ်ယာ ထွက်ကုန်ရောင်းဝယ်ရေး (MAPT) နှင့် မြန်မာလယ်ယာစီးပွားရေးအများပိုင်၏ကုမ္ပဏီ (MAPCO) တို့ပူးပေါင်း၍ ထိုင်းနိုင်ငံသို့သွားရောက်လေ့လာနိုင်ရန်အတွက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ အထွေထွေမန်နေဂျာ ဦးမြင့်စိုး ဦးဆောင်သောအဖွဲ့ဝင် (၁၃)ဦးသည် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ နံနက် ၉နာရီ ၅၀ ခန့်တွင် ထွက်ခွာ ရာ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ နေ့လည် ၁၁နာရီ၄၅ တွင်ရောက်ရှိပါသည်။

၁၂-၂-၂၀၁၃ နေ့တွင် ထိုင်းနိုင်ငံ Sri U-Thong ကုမ္ပဏီမှအမှုဆောင်အရာရှိဦးဆောင်၍Thai Seree Rice Mill စက်ရုံရှိ Biomass Power Plant generation ဖြင့် ဆန်စက်(၃)လုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပုံကိုလည်းကောင်း၊ ၁၃-၂-၂၀၁၃တွင် Bamgsue China Meng Rice Mill Co., Ltd သို့သွားရောက် လေ့လာ၍ နေ့လည်တွင် Thai Rice Exporters Association နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ၁၄-၂-၂၀၁၃တွင် Asia Golden Rice Mill သို့ရောက်ရှိပြီး စပါးကြိတ်ခွဲပုံအဆင့်ဆင့်နှင့်စပါးသယ်ယူပို့ဆောင်




ခြင်း၊လက်ခံခြင်း၊ သန့်စင်ခြင်း၊ စပါးခွံချွတ်ခြင်း ၊ အရောင်တင်အချောထည်ပြုလုပ်ခြင်း ၊အရွယ်အစားခွဲခြားခြင်းနှင့် ထုပ်ပိုးခြင်း အစရှိသည်များကို လေ့လာခဲ့ကြပြီး ခရီးစဉ်အတွင်း သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်းပြသပြီး တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ ဖေဖော်ဝါရီလ ၁၄ရက်နေ့ ညနေ ၆နာရီ၃၀တွင် မင်္ဂလာဒုံလေဆိပ်သို့ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

မြင့်မောင် (Int'l Relation)

MAPCO
MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

## Agri Benchmark Cash Crop Training Workshop (Germany) သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှတက်ရောက်

ဂျာမနီနိုင်ငံ Thunen Institute of Farm Economics တွင် အခြေစိုက်သော Agri Benchmark Research မှာ ကမ္ဘာ့နိုင်ငံများရှိ လယ်ယာမြေများတွင် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေအရပ်ရပ်ကို သုတေသနပြုလုပ်ကာ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။ အဆိုပါ Agri Benchmark မှ ဂျာမနီနိုင်ငံ၊ Braunschweig မြို့တွင် ဇန်နဝါရီလ ၂၈ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့ထိ ဖွင့်လှစ်သော Agri Benchmark Cash Crop Training Workshop သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ Research Analyst ဦးမင်းနိုင်ကို နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းမှ Corporate Executive ဦးဇော်ရဲထွန်း တို့ တက်ရောက်ဆွေးနွေးလေ့လာခဲ့ကြပါသည်။ အဆိုပါ Training Workshop သို့ အမေရိကန်နိုင်ငံ Kansas University မှ လက်ထောက်ပါမောက္ခ Mrs.Mykel Taylor၊ ဗီယက်နမ်နိုင်ငံမှ ပါမောက္ခ Dr. Luan Nguyen Ngoc၊ ကနေဒါနိုင်ငံမှ Research Analyst Ms. Jamie Poirer၊ တရုတ်နိုင်ငံ Chinese Academy of Agricultural Sciences မှ Dr. Yantao Yangyt၊ လာအိုနိုင်ငံ Champasak Agriculture and Forestry College မှ Director Mr. Khamsavang Sombounkhanh တို့မှ ၎င်းတို့၏နိုင်ငံများရှိ လယ်ယာမြေအခြေအနေများ၊ ထွန်ယက်စိုက်ပျိုးထွက်ရှိမှု အခြေအနေများ၊ လယ်ယာကဏ္ဍတွင် လယ်ယာသုံး စက်ကိရိယာများ ထိရောက်စွာ အသုံးပြုလျက် ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံဘက်မှလည်း ဆန်စပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေများ တောင်သူ လယ်သမားများ၏ လိုအပ်ချက်များ၊ စက်မှုလယ်ယာသို့ ကူးပြောင်းနေမှုများကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် ဂျာမနီနိုင်ငံ Farm Economics Institute မှ Dr. Yelto Zimmer က Agri Benchmark အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ Agri Benchmark model and method ပုံစံများကို သင်ကြားပြသခဲ့ပါသည်။ Training Workshop သို့တက်ရောက်သူများသည် ဂျာမနီနိုင်ငံ ရှိ အာလူးစိုက်ခင်းများနှင့် သိုလှောင်ရုံများ၊ လယ်ယာမြေအခြေအနေများကို လည်း ကွင်းဆင်း လေ့လာခဲ့ကြပါသည်။

(ဇော်ရဲထွန်း)



## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ၏ ပထမအကြိမ်ဥပဒေအရကျင်းပသည့်အထွေထွေအစည်းအဝေး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ၏ပထမအကြိမ် ဥပဒေအရကျင်းပသည့် အထွေထွေအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC) ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော် ပိုရေးရှင်းလီမိတက် (MAPCO) ၏ အစုရှယ်ယာရှင်ပေါင်း (၁၀၀၀) ကျော် တက်ရောက်မည် ဖြစ်ပါသည်။

## MAPCO External and Internal Audit

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) ကို အစုရှယ်ယာရှင်များအား အကျိုးအမြတ် အထိရောက်ဆုံးခွဲဝေပေးနိုင်ရန် ရည်ရွယ်၍ ပထမဦးဆုံး Founder Shareholders (၇၃) ဦးဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းနိုင်ခဲ့ပြီး (၁.၈.၂၀၁၂) ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ဆောင်ခွင့် လက်မှတ် (Certificate for Commencement of Business) အမှတ် ၁/၂၀၁၂-၂၀၁၃ ကို ရရှိပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း (MAPCO) ကို နိုင်ငံတကာ အများပိုင်ကုမ္ပဏီကြီး များ၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဖွဲ့စည်းတည်ထောင် ထားပြီး Internal Audit နှင့် External Audit များထားရှိ၍ စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားပါသည်။

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ ငွေကြေးဖော်ပြချက်များ၊ စာရင်းများသည် လုပ်ငန်း ဆောင်တာ အခြေအနေမှန်ကို ဖော်ပြခြင်းရှိ/မရှိ နှင့် ဘဏ္ဍာရေး နှစ်ကုန်ဆုံးချိန်၌ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို ဖော်ပြ နိုင်ခြင်းရှိ/မရှိ စိစစ်ရန် External Audit ကို ခန့်ထားခြင်းဖြစ်ပါ သည်။ External Audit ကို အစုရှယ်ယာရှင်များမှ ခန့်အပ်ထား ခြင်းဖြစ်ပြီး တရားရုံးတွင် စာရင်းများကို သက်သေခံအဖြစ်တင်ပြ နိုင်ပါသည်။ Internal Audit ကို Board of Directors (BOD) အုပ်ချုပ်ရေးအဖွဲ့မှ တစ်နှစ်ပတ်လုံး ရငွေ/သုံးငွေ မှန်ကန်မှုရှိစေ ရန် ခန့်အပ်ထားခြင်း ဖြစ်ပါသည်။ Internal Audit မှ Internal Control System ကို ပိုမို ကောင်းမွန်စေရန် ဆောင်ရွက်ပါသည်။ ကုမ္ပဏီ အတွင်းမှ လူတစ်ယောက်၏ လုပ်ဆောင်ချက်(သို့) ရလဒ်များကို အခြားတစ်ယောက်မှ ပြန်လည်စစ်ဆေးအတည် ပြုချက်ရယူခြင်းကို အတွင်း ကြီးကြပ်စစ်ဆေးခြင်း (Internal Control System) ဟုခေါ်ပါသည်။

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေး ရှင်း (MAPCO) ၏ External Audit အဖြစ် Kyu Kyu Win & Associate Services Co., Ltd မှ စာရင်းများစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ Kyu Kyu Win & Associate Services Co., Ltd သည် မြန်မာနိုင်ငံ စာရင်းကောင်စီတွင် စာရင်းစစ်လက်မှတ်ရ ကုမ္ပဏီဖြစ်ပြီး စာရင်းစစ်အဖွဲ့ဝင်များသည် B.Com, CPA, ACCA လက်မှတ်များရရှိထားသော အရည်အချင်းပြည့်ဝကျွမ်းကျင်သူများ ဖြစ်ပါသည်။ စာရင်းစစ်အ ဖွဲ့မှ MAPCO ၏ စာရင်းများသည် လုပ်ငန်းဆောင်ရွက်ခြင်း အခြေ နေမှန်ကို ဖော်ပြခြင်းရှိ/မရှိနှင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ ဘဏ္ဍာရေးအခြေအနေမှန်ကိုဖော်ပြခြင်းရှိ/မရှိ စသည်တို့ကို စိစစ်ရန်တာဝန်စစ်ဆေး၍လိုအပ်ချက်များကို တင်ပြဆွေးနွေး ဆောင်ရွက်ပါသည်။

MAPCO ၏ Internal Audit အဖြစ် MAPCO တွင် Internal Auditor ကို ဝန်ထမ်းများထဲမှ ခန့်အပ်ထားပြီး ဆောင်ရွက်လျက်ရှိပါသည်။ Internal Auditor မှ စာရင်းဇယား များ၊ ငွေကြေးဆိုင်ရာ ဖော်ပြချက်များ၊ လုပ်ငန်းဆောင်ရွက်ချက် များ၊ စီးပွားရေးဆိုင်ရာ စီမံကိန်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်မှုရှိစေရန် နှင့် လိုအပ်ချက် များကို အချိန်နှင့် တစ်ပြေးညီလုပ်ဆောင်နိုင် ရန် စစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် MAPCO ကုမ္ပဏီခွဲများဖြစ်သော MAPCO Overseas Pte Ltd, MAPCO Agri-Trade, MAPCO Capital, MAPCO Engineering & Contracting, MAPCO Warehousing & Logistics, MAPCO Energy & Power များဖွဲ့စည်းရန်ဆောင် ရွက်လျက်ရှိပြီး အရည်အသွေးပြည့်မီသော စီမံခန့်ခွဲမှုစနစ် (Quality Management System) ကို ကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနအသီးသီးတွင် လုပ်ထုံး လုပ်နည်းများကို စနစ်တကျ စီမံဆောင်ရွက် လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ MAPCO သည် အရည်အချင်းပြည့်ဝ၍ စီးပွားရေး လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် အတွေ့အကြုံရှိသော ဝန်ထမ်းများဖြင့် ဖွဲ့စည်းတည်ထောင်ထား သော၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုပိုမို ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်ဦးရွက်ပြုနေ သော၊ ကမ္ဘာ့အဆင့်အတန်းနှင့် အညီ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသော အများပိုင်ကုမ္ပဏီ ကြီး ဖြစ်ပါသည်။

(တွယ်တာ)

**“မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ ငွေကြေးဖော်ပြချက်များ၊ စာရင်းများသည် လုပ်ငန်းဆောင်တာ အခြေအနေမှန်ကို ဖော်ပြခြင်း ရှိ / မရှိ နှင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်၌ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို ဖော်ပြနိုင်ခြင်း ရှိ / မရှိ စိစစ်ရန် External Audit ကို ခန့်ထားခြင်းဖြစ်ပါသည်။”**

## MAPCO ကုမ္ပဏီခွဲများ

| | |
|---|---|
| MAPCO Overseas Pte Ltd | MAPCO Overseas Pte Ltd အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ဆက်သွယ်ညှိနှိုင်းရေးနှင့် ဘဏ္ဍာရေးကိစ္စများဆောင်ရွက်နိုင်ရန် စင်္ကာပူနိုင်ငံတွင် ထူထောင်ထားပါသည်။ |
| MAPCO Agri-Trade | ၂။ MAPCO Agri-Trade လယ်ယာထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရောင်းဝယ်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Capital | ၃။ MAPCO Capital အစုရှယ်ယာအရောင်းအဝယ်ကိစ္စရပ်များ၊ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်ထူထောင်ပါသည်။ |
| MAPCO Engineering & Contracting | ၄။ MAPCO Engineering & Contracting စီမံကိန်းလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၊ လုပ်ကိုင်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Warehousing & Logistics | ၅။ MAPCO Warehousing & Logistics လယ်ယာထွက်ကုန်သီးနှံများကို သိုလှောင်နိုင်ရန်၊ သယ်ယူပို့ဆောင်မှု၊ ကိုင်တွယ်ထိန်းသိမ်းမှု လုပ်ငန်းများဆောင်ရွက်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Energy & Power | ၆။ MAPCO Energy & Power လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းတည်ထောင်ပါသည်။ |
| MAPCO Research Institute | ၇။ MAPCO Research Institute လေ့ကျင့်ပညာပေးခြင်းလုပ်ငန်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စီးပွားရေးအတိုင်ပင်ခံ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထူထောင်ပါသည်။ |

MAPCO
MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED **(MAPCO)**
No. (339), 3rd Floor,Room 0303, Sakura Tower, Bogyoke Aung San Road, Kyauktada Township, Yangon, Myanmar.
Tel: (95-1) 255 083, 255 084 Fax: (95-1) 255 083 E.mail: bod@mapco-ygn.com